ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# ကရင်နီပြည် ကြားကာလ

# မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

ကရင်နီပြည် ကြားကာလ

# မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒ

# မာတိကာ

**နိဒါန်း**......................................................................................................၄
**အခန်း (၁) အမည်နှင့် အစီပွါယ်ဖွင့်ဆိုချက်**............................................................၆
**အခန်း (၂) ရည်ရွယ်ချက်** ...................................................................................၇
**အခန်း (၃) အခြေခံမူများ**.....................................................................................၈
**အခန်း (၄) မူဝါဒများ** ........................................................................................၁၀
လူငယ်စွမ်းရည်မြှင့်တင်ခြင်း.................................................................... ၁၀
ရေရှည်တည်တံ့သော အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ...................................... ၁၀
ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူ့ဂုဏ်သိက္ခာ ................................................ ၁၁
ထိခိုက်လွယ်အုပ်စုများအား အကာအကွယ်ပေးခြင်း ..........................................၁၂
မူးယစ်ဆေးဝါးအန္တရာယ်များ ကာကွယ်တားဆီးခြင်း..........................................၁၂
သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း . ၁၃
တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးစံနှုန်းများ လေးစားလိုက်နာခြင်း........ ၁၄
ပညာပေးရေးအစီအစဉ်များ ဖန်တီးပေးခြင်း..................................................... ၁၅
ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက် ..................................................................... ၁၅
ကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်း ............................................................. ၁၆
**အခန်း (၅) အထွေထွေ**.........................................................................................၁၆
စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း.......................................... ၁၇
အတည်ပြုခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း......................................................... ၁၇
**နိဂုံး**.........................................................................................................၁၈

# နိဒါန်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ အာဏာသိမ်းမှုနောက်ပိုင်းမှစ၍ လက်ရှိ ပဋိပက္ခများကြောင့် ကြီးမားသည့်ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးမှု အကျပ်အတည်းများဖြစ်ပေါ်ခဲ့ရပြီး ၂၀၂၃ ခုနှစ်၊ ဇွန်လ နောက်ပိုင်းတွင် ပြည်နယ်အတွင်း နေထိုင်သူအားလုံးနီးပါး စစ်ရှောင်ဘဝသို့ရောက်ရှိခဲ့ရသည်။ နိုင်ငံရေးမတည်ငြိမ်မှုနှင့် လက်နက်ကိုင် ပဋိပက္ခများ၏ အကျိုးဆက်အနေဖြင့် ကရင်နီပြည်သူလူထုများအကြား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုများကြောင့် ယခင်ကထက် မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုကြီးထွားလာခဲ့သည်ကိုတွေ့ရှိရသည်။ လက်ရှိတော်လှန်ရေးကာလတွင် တရားဥပဒေစိုးမိုးရေး အားနည်းလာခြင်းကြောင့် မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများနှင့် စိုက်ပျိုးထုတ်လုပ်မှုများ ယခင်ကထက် ပိုမိုများပြားလာပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများအန္တရာယ်ကို အပြည့်အဝထိန်းချုပ် တားဆီးနိုင်ခြင်းမရှိဘဲ အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သော ၂၀၂၄ ခုနှစ်၊ နှစ်စဉ်အစီရင်ခံစာအရ ကရင်နီပြည်အတွင်းဖြစ်ပွားသည့်မှုခင်းများတွင် မူးယစ်ဆေးဝါးနှင့်ဆက်စပ်သည့်မှုခင်းများသည် အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။

ကရင်နီပြည်တွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ သုံးစွဲမှုနှင့် ဆက်စပ်အန္တရာယ်များကို လျော့ပါးသက်သာစေရန် ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ သုတေသနနှင့် အချက်အလက်များ စုဆောင်းရေး၊ အစားထိုးသီးနှံများကို ဆောင်ရွက်ပေးရေးနှင့် ရေရှည်တည်တံ့သည့် လယ်ယာစိုက်ပျိုးရေးစနစ်များ ဖော်ဆောင်ပေးရေး၊ တရားဥပဒေစိုးမိုးမှုပိုမိုအားကောင်းရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် ထိခိုက်လွယ်အုပ်စုများအား အကာအကွယ်ပေးရေး အစရှိသည့်လုပ်ငန်းများနှင့်အတူ လူ့အခွင့်အရေးကိုမြှင့်တင်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိနေသည်။

မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာများကို ပြစ်ဒဏ်ပေးသည့် နည်းလမ်းဖြင့်ဖြေရှင်းခြင်းသည် ထိရောက်သောနည်းလမ်း မဟုတ်ကြောင်းနှင့် လက်ရှိတော်လှန်ရေးကာလအတွင်း ပြည်သူလူထု လုံခြုံဘေးကင်းရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးအပေါ် အခြေခံပြီး ထိရောက်သည့်မူဝါဒများကို ပိုမိုအားစိုက်၍ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များချမှတ်ရာတွင် ပြစ်မှုနှင့်ပြစ်ဒဏ်အချိုးညီသော ပြဋ္ဌာန်းချက်များအပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့်အညီ ဖြစ်ရန်လိုသည်။

မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ပြည်သူ့ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာကို အလေးပေးချဉ်းကပ်မှု၊ ပြည်သူတို့၏ ရပိုင်ခွင့်၊ ဂုဏ်သိက္ခာ တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းကသာ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

ထို့ကြောင့် ကရင်နီပြည်တွင်း မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများ စနစ်တကျဖြေရှင်းနိုင်ရေး၊ မူးယစ်ဆေးဝါးဆိုင်ရာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ လျှော့ချနိုင်ရေး၊ သုံးစွဲမှုနှင့်ဆက်နွယ်နေသော နောက်ဆက်တွဲ အန္တရာယ်များလျှော့ချရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ လူမှုအသင်းအဖွဲ့များ၊ လူငယ်နှင့်အမျိုးသမီးအဖွဲ့အစည်းများမှ မူဝါဒမူကြမ်းကိုရေးဆွဲခဲ့ပြီး ကရင်နီပြည် အတိုင်ပင်ခံကောင်စီမှ ဦးဆောင်၍ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ အပါအဝင် ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအစုအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်း အသီးသီးနှင့်အတူ ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များကိုရယူပြီး သုံးသပ်ပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့သည်။ ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ အချောသပ်မူကြမ်းကို ဌာနဆိုင်ရာများ၊ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ၊ လူငယ်နှင့်အမျိုးသမီးများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တောင်သူများထံ အကြိမ်ရေ စုစုပေါင်း (၄) ကြိမ် သွားရောက်ချပြခဲ့ပြီး အကြံပြုချက်များ ထပ်ဆင့်ရယူခဲ့သည်။ ထပ်ဆင့်အကြံပြုချက်များကို ပေါင်းစပ်ပြီး မူဝါဒအား ပြန်လည်သုံးသပ်ပြင်ဆင်ကာ ကရင်နီပြည်၏ကြားကာလ အစီအမံနှင့်အညီ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ (၂၀) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

# အခန်း (၁)

# အမည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ ဤမူဝါဒအား **ကရင်နီပြည် ကြားကာလ မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒ** ဟု ခေါ်တွင်စေရမည်။

၂။ ဤမူဝါဒပါ စကားရပ်အနက်အဓိပ္ပါယ်သည် အောက်ဖော်ပြပါအတိုင်း သက်ရောက်စေရမည်–

(က) **ပြည်နယ်** ဆိုသည်မှာ ကရင်နီပြည် ကိုဆိုလိုသည်၊

(ခ) **မူးယစ်ဆေးဝါး** (Narcotic drug) ဆိုသည်မှာ သုံးစွဲသူ၏ဦးနှောက် ပုံမှန်လည်ပတ်မှုကို ပြောင်းလဲစေခြင်းဖြင့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများကို ထုံထိုင်းစေပြီး စိတ်ကိုပြောင်းလဲစေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization - WHO) မှ သတ်မှတ်ထားသော မူးယစ်ဆေးဝါးများကိုဆိုလိုပြီး ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီနှင့် သက်ဆိုင်ရာဌာနမှ မူးယစ်ဆေးဝါးဖြစ်သည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော အရာများကို ဆိုလိုသည်၊

(ဂ) **အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ** ဆိုသည်မှာ ပြည်နယ်၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး မူးယစ်ဆေးဝါးဆိုင်ရာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းများအား ထိရောက်စွာလျှော့ချပေးသော အစားထိုးလုပ်ငန်းများအားလုံးကို ဆိုလိုသည်၊

(ဃ) **ဘေးအန္တရာယ်လျှော့ချရေး** (Harm Reduction) ဆိုသည်မှာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်သည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆိုးကျိုးများ လျှော့ချရေးကို ဆိုလိုသည်၊

(င) **ထိခိုက်လွယ်အုပ်စု** ဆိုသည်မှာ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ (စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ရှိသူများ အပါအဝင်) နှင့် နာတာရှည်ရောဂါ ခံစားရသူများကို ဆိုလိုသည်၊

(စ) **သက်ဆိုင်ရာအဖွဲ့အစည်းများ** ဆိုသည်မှာ ပြည်နယ်အတွင်းရှိ လူထုကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာန၊ ရဲဌာန၊ တော်လှန်ရေးတပ်ဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများကို ဆိုလိုသည်၊

(ဆ) **ဖယ်ကြဉ်ခံအုပ်စု** ဆိုသည်မှာ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်တစ်ခုခုကြောင့် လူမှုပတ်ဝန်းကျင်မှ ကန့်သတ်ချန်လှပ်ထားခြင်းခံရသော ပုဂ္ဂိုလ်များ၊ အုပ်စုများကို ဆိုလိုသည်။

# အခန်း (၂)

# ရည်ရွယ်ချက်

၃။ ဤကရင်နီပြည်ကြားကာလ မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒသည်–

(က) ပြည်သူ့ကျန်းမာရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးသည့် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ရန်၊

(ခ) ကရင်နီပြည်တွင်း မူးယစ်ဆေးဝါးဆိုင်ရာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုနှင့်သုံးစွဲမှုကို ထိရောက်စွာ ကာကွယ်တားဆီးလျှော့ချရန်၊

(ဂ) မူးယစ်ဆေးဝါးသုံးစွဲမှု၏ အန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများ လျော့ပါးသက်သာစေရန်၊

(ဃ) သက်ဆိုင်ရာအဖွဲ့အစည်းများအကြား မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာများကို ထိရောက်သောနည်းနာဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊

(င) ကရင်နီပြည်သူလူထုများ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသည့် လူမှုဝန်းကျင်တစ်ခုတည်ဆောက်နိုင်ရန် ရည်ရွယ်သည်။

# အခန်း (၃)

# အခြေခံမူများ

၄။ ဤမူဝါဒအား အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ပြည်သူလူထုများ လက်လှမ်းမီနိုင်မှုရှိရမည်။

၅။ မူးယစ်ဆေးဝါးဆိုင်ရာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် သုံးစွဲမှုများလျှော့ကျရန် ရေရှည်တည်တံ့၍ ဒေသနှင့်ကိုက်ညီသော အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အစီအမံများကို ချမှတ်အကောင်အထည်ဖော်ရမည်။

၆။ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်သည် မျှတမှုရှိရမည်။

၇။ မူးယစ်ဆေးဝါးဆိုင်ရာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ သုံးစွဲမှုနှင့်ပတ်သက်သော လျှော့ချရေးလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုမရှိစေရေးအတွက် အထူးစီမံဆောင်ရွက်ရမည်။

၈။ မူးယစ်ဆေးဝါးလျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင်–

(က) ပြည်သူ့ကျန်းမာရေးနည်းလမ်းကိုဗဟိုပြုပြီး ကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် အန္တရာယ်လျှော့ချခြင်း အစီအစဉ်များကို ပြည်သူများ လက်လှမ်းမီမှု ရှိစေရမည်၊

(ခ) လူနည်းစု၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် ထိခိုက်လွယ်အုပ်စုများအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံမှုမရှိစေရန် အကာအကွယ်ပေးမှုနှင့် သာတူညီမျှမှု ရှိစေရန် ဆောင်ရွက်ရမည်။

၉။ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာမြှင့်တင်ခြင်းအစီအစဉ်များကို ပြည်သူလူထုနှင့် လူငယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရမည်။

၁၀။ သုတေသနနှင့် လေ့လာတွေ့ရှိရသော ဒေတာအချက်အလက်များအပေါ်အခြေခံပြီး မူးယစ်ဆေးဝါးဆိုင်ရာ ကာကွယ်တားဆီးလျှော့ချရေးလုပ်ငန်းများနှင့် မူဝါဒဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို လုပ်ဆောင်ရမည်။


ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် အတည်ပြုပြဌာန်းသည်။

၁၁။ နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးဆိုင်ရာ ရာဇဝတ်မှုများကို ကာကွယ်တားဆီး လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရမည်။

၁၂။ မူးယစ်ဆေးဝါးဆိုင်ရာ ရောင်းဝယ်ဖောက်ကား ထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ရာဇဝတ်မှုများကို ကာကွယ်တားဆီးလျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများ၊ ပြည်နယ်ယူနစ်အချင်းချင်းကြားရှိ အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရမည်။

၁၃။ အသက်မပြည့်သေးသည့် ကလေးသူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ အထူးအလေးပေး ကိုင်တွယ်ဖြေရှင်းရမည်။

၁၄။ မူးယစ်ဆေးဝါးသုံးစွဲသောသူများအား အပြစ်ပေးအရေးယူ၍ လိုအပ်သော ပြန်လည် ထူထောင်ရေးနှင့် ပြုစုပျိုးထောင်ရေးကို ဦးတည်ဆောင်ရွက်ရမည်။

၁၅။ ပြည်နယ်သည် မူးယစ်ဆေးဝါးလျှော့ချရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည် ဖော်နိုင်ရန် လိုအပ်သောဘဏ္ဍာငွေ လျာထားချက်များ နှစ်စဉ်ထားရှိရမည်။

## အခန်း (၄)

# မူဝါဒများ

## လူငယ်စွမ်းရည်မြှင့်တင်ခြင်း

၁၆။ ပြည်နယ်သည်–

(က) လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချနိုင်ရေးနှင့် မူးယစ်ဆေးဝါးကို အာရုံစိုက်မှုလျော့နည်းစေရန်အတွက် ကရင်နီပြည်လူငယ်ရေးရာ မူဝါဒနှင့်အညီ စွမ်းရည်မြှင့်တင်ခြင်းနှင့် အခွင့်အလမ်းများဖန်တီးခြင်းကို ဖော်ဆောင်ပေးရမည်၊

(ခ) မူးယစ်ဆေးဝါးသုံးစွဲနေသော လူငယ်များကို မူးယစ်ဆေးဝါးသုံးစွဲမှု ရပ်တန့်စေရေးနှင့် ၎င်းတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးအတွက် အလေးထားဆောင်ရွက်ရမည်။

## ရေရှည်တည်တံ့သော အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ

၁၇။ ပြည်နယ်သည်–

(က) မူးယစ်ဆေးဝါးဆိုင်ရာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို စိစစ်ဖော်ထုတ်၍ ထိရောက်သော အန္တရာယ်လျှော့ချရေး အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရမည်၊

(ခ) မူးယစ်ဆေးဝါးဆိုင်ရာလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ရေရှည်တည်တံ့ပြီး ထိရောက်သောအစားထိုးသီးနှံစိုက်ပျိုးခြင်းနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးပေးပြီး တည်ငြိမ်သောဈေးကွက်များကိုဖန်တီးဖော်ဆောင်ရမည်၊

(ဂ) ယင်းအစားထိုးသီးနှံများ စိုက်ပျိုးကူးပြောင်းရာတွင် တောင်သူလယ်သမားများ၏ လိုအပ်သော အရင်းအမြစ်များနှင့် နည်းပညာအကူအညီများရရှိစေရေးအတွက် ကရင်နီပြည်ကြားကာလစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာမူဝါဒနှင့်အညီ ဖော်ဆောင်ရမည်၊

(ဃ) မူးယစ်ဆေးဝါးလျှော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသနှင့် ကိုက်ညီသည့် အခြားဝင်ငွေရလုပ်ငန်းများနှင့် အလုပ်အကိုင်များကို ဖန်တီး ဖော်ဆောင်ရမည်။

# ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူ့ဂုဏ်သိက္ခာ

၁၈။ ပြည်နယ်သည်–

(က) မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော်ရမည်၊

(ခ) မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ထိခိုက်ခံစားနေရသူများအား လူ့ဂုဏ်သိက္ခာနှင့်အညီ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမားရေးကို ဦးစားပေးသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရမည်၊

(ဂ) မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုသရေးစင်တာများ ဖွင့်လှစ်ခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်၊

(ဃ) မူးယစ်ဆေးဝါးဆိုင်ရာအန္တရာယ်၏ အကျိုးဆက်များကို တိုက်ရိုက်ထိခိုက်ခံစားသူများအား လူ့ဂုဏ်သိက္ခာနှင့်အညီ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဦးစားပေးသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရမည်၊

(င) မူးယစ်ဆေးဝါးဆိုင်ရာအန္တရာယ်များ လျှော့ချနိုင်ရေးအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို ချမှတ်ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ထိခိုက်ခံစားရသူအားလုံး လက်လှမ်းမီနိုင်စေရမည်၊

(စ) မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းနှင့် အန္တရာယ်လျှော့ချခြင်း အစီအစဉ်များရေးဆွဲရာတွင် ပြည်သူ့ကျန်းမာရေးကို ဗဟိုပြုသည့် နည်းလမ်းများကို ထည့်သွင်းအကောင်အထည်ဖော်ရမည်။

# ထိခိုက်လွယ်အုပ်စုများအား အကာအကွယ်ပေးခြင်း

၁၉။ ပြည်နယ်သည်–

(က) မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများနှင့် ဆက်စပ်သော လူကုန်ကူးမှု အန္တရာယ်များမှ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် ထိခိုက်လွယ် အုပ်စုများကို ကာကွယ်ရန်နှင့် အသုံးချခံရသောပုဂ္ဂိုလ်များအတွက် သီးခြားထူထောင်ရေးအစီအမံများ၊ အထူးအစီအစဉ်များ ချမှတ်အကောင် အထည်ဖော်ရမည်၊

(ခ) မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိခိုက် လွယ်သော လူတစ်ဦးချင်းစီအား ခွဲခြားခြင်းမရှိပဲ သာတူညီမျှသော အခွင့် အလမ်းများ ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု ခေါင်းဆောင်များနှင့် လူငယ်များပူးပေါင်း၍ လူထုအသိပညာပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

# မူးယစ်ဆေးဝါးအန္တရာယ်များ ကာကွယ်တားဆီးခြင်း

၂၀။ ပြည်နယ်သည်–

(က) မူးယစ်ဆေးဝါးဆိုင်ရာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် သုံးစွဲမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်သော ကာကွယ် တားဆီးရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ရမည်၊

(ခ) မူးယစ်ဆေးဝါး အန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များနှင့် မူးယစ်ဆေးဝါး ဆိုင်ရာ ရာဇဝတ်မှုများကို ထိရောက်စွာ တားဆီးဖော်ထုတ်အရေးယူရမည့်အပြင် ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။



ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် အတည်ပြုပြဌာန်းသည်။

# သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၂၁။ ပြည်နယ်သည်–

(က) မူးယစ်ဆေးဝါးဆိုင်ရာ ကာကွယ်တားဆီးလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန်နှင့် စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းနိုင်ရန် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(ခ) နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု ကွန်ရက်များ၊ ၎င်းနှင့်ဆက်စပ်သည့် အခြားနယ်စပ်ဖြတ်ကျော် မှောင်ခိုလုပ်ငန်းများကို ဖြေရှင်းနိုင်ရန် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(ဂ) နိုင်ငံတကာ၏ မူးယစ်ဆေးဝါးဆိုင်ရာ ပြည်သူ့ကျန်းမာရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးသည့် မူဝါဒများကို ထောက်ခံအားပေးရမည်၊

(ဃ) မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များအား သုတေသနပြုရာတွင် ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(င) မူးယစ်ဆေးဝါးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် လိုအပ်ပါက နိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်၊

(စ) ဖက်ဒရယ်ယူနစ်အချင်းချင်းကြား မူးယစ်ဆေးဝါးဆိုင်ရာ ရာဇဝတ်မှုများကို ဖြေရှင်းရာတွင် သက်ဆိုင်ရာဖက်ဒရယ်ယူနစ်မှ အုပ်ချုပ်ရေးအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

# တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးစံနှုန်းများ လေးစားလိုက်နာခြင်း

၂၂။ ပြည်နယ်သည်–

(က) မူးယစ်ဆေးဝါးလျှော့ချရေးဆိုင်ရာ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ အရာရှိများအား လူ့အခွင့်အရေးစံနှုန်းများကို လေ့ကျင့်သင်ကြားပေးရမည်၊

(ခ) မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေသည့် အဖွဲ့အစည်းများ၊ ကွန်ရက်များအား ဥပဒေအရအရေးယူနိုင်ရန် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်ရမည်၊

(ဂ) မူးယစ်ဆေးဝါးပြစ်မှုဆိုင်ရာ တိုင်ကြားချက်များကို အစီရင်ခံခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမှု၊ မှန်ကန်မှုနှင့် တရားမျှတမှု ရှိရမည်၊

(ဃ) မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းရာတွင် မူးယစ်ဆေးဝါးစိုက်ပျိုးမှုနှင့် သုံးစွဲမှုအား လျှော့ချနိုင်ရေး၊ ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများအား ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်ရမည်၊

(င) မူးယစ်ဆေးဝါးလျှော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာထူးနှင့်အာဏာကို အသုံးပြုပြီး အလွဲသုံးစားမှုပြုလုပ်ခြင်း၊ အဂတိလိုက်စားခြင်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

# ပညာပေးရေးအစီအစဉ်များ ဖန်တီးပေးခြင်း

၂၃။ ပြည်နယ်သည် –

(က) အခြေခံပညာရေးအဆင့်မှစတင်၍ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်ရမည်၊

(ခ) မူးယစ်ဆေးဝါးဆိုင်ရာအသိပညာပေးရေးအတွက် သက်ဆိုင်ရာကျောင်း၏ သင်ကြားရေးတွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ထည့်သွင်းဆောင်ရွက်ရမည်၊

(ဂ) မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် ဆရာ၊ ဆရာမများအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်ရမည်၊

(ဃ) ရပ်ရွာများတွင် သက်ဆိုင်ရာဌာနများနှင့် ရပ်ရွာအဖွဲ့အစည်းများပူးပေါင်း၍ မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးရေးနှင့် ဟောပြောပွဲ အစီအစဉ်များကို အပြုသဘောဆောင်သော ထိတွေ့မှုများမှတဆင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

# ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်

၂၄။ ပြည်နယ်သည် မူးယစ်ဆေးဝါးလျှော့ချရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် လုံလောက်သော ဘဏ္ဍာရေးဆိုင်ရာအစီအမံများ ထားရှိရမည်။

# ကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်း

၂၅။ ဤမူဝါဒကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သော မူးယစ်ဆေးဝါးလျှော့ချရေးဆိုင်ရာ ကော်မတီများ၊ အဖွဲ့များကို ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံရပ်ရွာလူထုများ၊ အမျိုးသမီးများနှင့် လူငယ်များပါဝင်မှုကို အလေးထားဆောင်ရွက်ရမည်။

## အခန်း (၅)

## အထွေထွေ

၂၆။ ကရင်နီပြည်ကြားကာလလွှတ်တော်သည် ဤမူဝါဒနှင့်အညီ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများ ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ရမည်။

၂၇။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဤမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဌာနများ၊ ကော်မတီများ၊ အဖွဲ့များဖွဲ့စည်း၍ အထူးစီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

၂၈။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ဤမူဝါဒနှင့်အညီ လိုအပ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်နှင့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။



ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းသည်။

## စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၂၉။ ပြည်နယ်သည်–

(က) ဤမူးယစ်ဆေးဝါးဆိုင်ရာမူဝါဒ အကောင်အထည်ဖော်မှုနှင့် ရလဒ်များကို စောင့်ကြည့်အကဲဖြတ်နိုင်ရန်အတွက် လိုအပ်သောယန္တရားများ ထားရှိဖော်ဆောင်ရမည်၊

(ခ) မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရမည်။

## အတည်ပြုခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း

၃၀။ ပြည်နယ်သည် ဤမူဝါဒကို ခေတ်ကာလနှင့်အညီ ပြောင်းလဲနေသော မူးယစ်ဆေးဝါးဆိုင်ရာ စိန်ခေါ်မှုများနှင့် ကိုက်ညီမှုရှိစေရန် နှစ်စဉ်ပြန်လည် သုံးသပ်ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သည်။

# နိဂုံး

ဤကရင်နီပြည်ကြားကာလ မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒသည် ပြည်သူ့ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ မူးယစ်ဆေးဝါးဆိုင်ရာ စိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် သုံးစွဲမှုများကိုလျှော့ချနိုင်ရန်ရည်ရွယ်သည်။ ဤမူဝါဒသည် မူးယစ်ဆေးဝါး ပြဿနာများကို မှန်ကန်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်းမှ ကာကွယ်ရန်၊ သုံးစွဲသူများ၏ လူ့ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်များကို အလေးပေးသော ကုသရေးနှင့် ပြန်လည်ထူထောင်ရေးများအပေါ် အခြေခံသည်။

လက်ရှိနိုင်ငံရေးအခြေအနေနှင့် ပြည်သူ့လုံခြုံရေးအရ မူးယစ်ဆေးဝါးပြဿနာများကို ထိရောက်စွာဖြေရှင်းနိုင်ရန် အခက်အခဲများရှိနေသည်။ ထို့ကြောင့် ကရင်နီဒေသ အတွင်း မူးယစ်ဆေးဝါးဆိုင်ရာ အန္တရာယ်လျှော့ချရေးနှင့် ပတ်သက်၍ ပြည်သူလူထု၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို လေးစားသည့် ပြည်သူ့ကျန်းမာရေးနည်းလမ်းသည် တစ်ခုတည်းသော ဖြေရှင်းနည်းဖြစ်သည်ကိုတွေ့ရှိရပြီး ပြည်တွင်းပြည်ပသက်ဆိုင်ရာ အဖွဲ့စည်းများထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေသည်။

ဤမူဝါဒသည် မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာလျှော့ချနိုင်ရန် လက်တွေ့ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ကာကွယ်ရေးနှင့်ကုသရေးစနစ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ အစားထိုးသီးနှံ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြည်သူ့ကျန်းမာရေးကို အလေးထားပြီး ထိရောက်သော ကာကွယ်တားဆီးလျှော့ချရေး လုပ်ငန်းများကို မဟာဗျူဟာကျကျ ဆောင်ရွက်ရမည်ဖြစ်သည်။ ကရင်နီပြည်ကြားကာလ မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒအား လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့် ကရင်နီပြည် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်၍ မူးယစ်ဆေးဝါး လျော့ပါးသည့် ကရင်နီလူ့အသိုင်းအဝိုင်းတစ်ရပ်ကို ဖန်တီးနိုင်မည်ဟု ယုံကြည်ပါသည်။

**မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒ မူကြမ်းရေးဆွဲရေး အလုပ်အဖွဲ့**
**မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ**
**ကရင်နီပြည်အတိုင်ပင်ခံကောင်စီ**



ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းသည်။